ကျေးဇူးတော်ရှင်

**မိုးကုတ်ဆရာတော်ဘုရားကြီး၏**

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ

လည်ပုံ ပြတ်ပုံ




**(လင်္ကာဆောင်ပုဒ်)** မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ပမာ၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်၊ ဖြပ်ပွာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

**ခန္ဓာ (၅) ပါး**

- ရူပက္ခန္ဓာ .... .... ဖောက်ပြန်မှု သဘောတရားအစု (ရုပ် – ၂၈ ပါး)
- ဝေဒနာက္ခန္ဓာ .... .... ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ)
- သညာက္ခန္ဓာ .... .... မှတ်သားမှုသဘောတရားအစု (သညာ)
- သင်္ခါရက္ခန္ဓာ .... .... ပြုပြင်မှုသဘောတရားအစု (စေတသိက် –၅၀)
- ဝိညာဏက္ခန္ဓာ.... .... သိမှု သဘောတရားအစု (စိတ်)

**အာယတန (၁၂) ပါး**

**ဓာတ် (၁၈) ပါး**

| အခံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆)ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယား နာ ကောင်းစိတ် |
| ၆။ စိတ် (ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄) ပါး**

- ဒုက္ခသစ္စာ .... ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ–ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။
- သမုဒယသစ္စာ .... ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ–လောဘ) ပယ်ရမည့်တရား။
- နိရောဓသစ္စာ .... ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။
- မဂ္ဂသစ္စာ .... ဒုက္ခသစ္စာ၏ ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။

**လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |

**လောကုတ္တရာ မဂ္ဂင် (၈) ပါး**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး ။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး ။ |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး ။ |

**စိတ္တာနုပဿနာရှုပွားနည်း**

**အပြင်ညည်သည့်စိတ် (၅) ခု**

1. မြင်စိတ်
2. ကြားစိတ်
3. နံစိတ်
4. စားစိတ်
5. ယား၊ နာ၊ ကောင်းစိတ်

**အတွင်းညည်သည့်စိတ် (၆) ခု**

1. လောဘစိတ်
2. ဒေါသစိတ်
3. မောဟစိတ်
4. အလောဘစိတ်
5. အဒေါသစိတ်
6. တွေးတောစိတ်

၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် **အိမ်သည်စိတ် ၂–ခု ။**

**ရှုပွားပုံရှုနည်းစနစ်မှာ –** အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်-၈၂ နတ်မောက်လမ်း၊ ရန်ကုန်မြို့။ ဖုန်း-၅၄၁၈၆၀

## ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ဒဏ်ခံ (ကြည့်သည်) ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် ........ မျက်လုံးမှာ ပေါ်သည်။

၂။ ဥပေက္ခာ ဝေဒနာသည် ........ နားမှာ ပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် ........ နှာခေါင်းမှာ ပေါ်သည်။

၄။ ဥပေက္ခာ ဝေဒနာသည် ........ လျှာမှာ ပေါ်သည်။

၅။ သုခ ဝေဒနာသည် ........ ကိုယ်ပေါ်မှာ ပေါ်သည်။

၆။ ဒုက္ခ ဝေဒနာသည် ........ ကိုယ်ပေါ်မှာ ပေါ်သည်။

အထက်ပါဝေဒနာများကို အပြင်ဒဏ်ခံ (ကြည့်)သည် (၆) ခုဟု ခေါ်သည်။

### အတွင်းဒဏ်ခံ (ကြည့်)သည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။

၂။ ဒေါမနဿ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် ........ စိတ်မှာ ပေါ်သည်။

အထက်ပါဝေဒနာများကို အတွင်းဒဏ်ခံ (ကြည့်)သည် (၃) ခုဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ–ထွက်လေကို) သောမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ–ထွက်လေကို) ဒေါမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ–ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်း မဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါဝေဒနာများကို အိမ်သည်ဟု ခေါ်သည်။

ဝေဒနာနုပဿနာ ရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆) ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿ ဖြစ်တိုင်းဝေဒနာ ဖြစ်သည်။ ဝေဒနာကို ရှုရာ၌ နာမှကျင်မှ ဝေဒနာမဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို ၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့် ဝေဒနာလည်း ရှိသည်။ ခံသာသည် လည်းမဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှု ဝေဒနာမျိုးလည်း ရှိသည်။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။

ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ – မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စ မြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

(ဤကား အကျဉ်းချုပ်သိရုံမျှသာ ဖြစ်သည်။)

နေလရောင်ပုံနှိပ်တိုက် – အမှတ်၉၆(ခ)၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း– ၂၂၂၃၁၃၊

## ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

### ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ
သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊
တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ
ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ
မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

### ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရ
နိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ
သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊
ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ
ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ၊ ဇရာမရဏံ၊ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၁ **မူလနှစ်ပြာ** ... ... အဝိဇ္ဇာ၊ တဏှာ။

၂ **သစ္စာနှစ်ခု** ... ... သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

၃ **လေးခုအလွှာ** ... ... အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ။
ပစ္စုပ္ပန် အကြောင်းတစ်လွှာ၊ အနာဂတ် အကျိုးတစ်လွှာ။

၄ **အင်္ဂါတစ်ဆယ့်နှစ်ပါး** ... အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,
ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ။

၅ **သုံးပါးအစပ်** ... ... သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။ ။ တစ်နည်း အတိတ်အကြောင်းနှင့်
ပစ္စုပ္ပန် အကျိုးတစ်စပ်၊ ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း၊
သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊
သို့မဟုတ် အနာဂတ်ဖြစ်ကြောင်းနှင့် အနာဂတ်အကျိုးတစ်စပ်။

၆ **ဝဋ်သုံးဝနှင့်** ... ... ကိလေသဝဋ်သုံးပါး ... အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး ... သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး ... ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ

ဝေဒနာ ဇာတိ ဥပပတ္တိဘဝ ဇရာမရဏ

မှတ်ချက် (**ဖြစ်စဉ်** - ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏ၊ **ဟောစဉ်** - ဇာတိဇရာမရဏ ဥပပတ္တိဘဝ)

၇ **ကာလသုံးပြာ** ... ... လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

၈ **ခြင်းရာနှစ်ဆယ်**... ...

အတိတ်အကြောင်းအခြင်းအရာ ငါးပါး ... (အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝ)
ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါး ... (ဝိညာဏ် နာမ်ရုပ်သဠာယတန ဖဿ ဝေဒနာ)
ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ငါးပါး ... (တဏှာ ဥပါဒါန် ဘဝ အဝိဇ္ဇာ သင်္ခါရ)
အနာဂတ်အကျိုး အခြင်းအရာ ငါးပါး... ... (ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ)